# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

အောက်တိုဘာလ ၂၀၂၃ ခုနှစ်

HURFOM

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## ပြည်သူလူထုနှင့် ဒီမိုကရေစီအင်အားစုများကို နှိပ်ကွပ်ရန်အတွက် စစ်ကောင်စီက တရားဥပဒေစိုးမိုးရေးကို “လိုသလို” အသုံးချလာနေသည်။

### အောက်တိုဘာလ ၂၀၂၃

အောက်တိုဘာလတစ်လျှောက်လုံးတွင် စစ်ကောင်စီက ပြည်သူလူထုကို နေ့စဉ်ရက်ဆက် ပစ်မှတ်ထားတိုက်ခိုက်နေပြီး ၎င်းတို့၏အခြေခံအခွင့်အရေးများကို လစ်လျူရှုထားသည်။ ဒုက္ခနှင့်ပြဿနာများကို နေ့စဉ်နှင့်အမျှရင်ဆိုင်ကြုံတွေ့နေကြရသော်လည်း ပြည်သူများက စစ်ကောင်စီကို ဆန့်ကျင်တော်လှန်နေဆဲဖြစ်ပြီး ဒီမိုကရေစီတိုက်ပွဲကို မည်သည့်အခါမျှ လက်လျှော့အရှုံးပေးမည်မဟုတ်ချေ။ စစ်ကောင်စီက ၎င်းတို့စတင်ခဲ့သည်စစ်ပွဲတွင် ၎င်းတို့ကိုယ်တိုင်ရှုံးနိမ့်မည်ကို စတင်သတိမူမိလာပြီး တိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်ကာ ပြည်သူများအကြား အကြမ်းဖက်မှုများနှင့် ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာစေရန် ကြိုးစားနေသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်စစ်ကောင်စီ၏ ကျူးလွန်မှုနှင့် တိုက်ခိုက်မှုများအားလုံးကို မှန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ဆက်လက်မှတ်တမ်းတင်လျက်ရှိသည်။ ထိခိုက်နစ်နာခဲ့သူများနှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအတွက် တရားမျှတမှုများ ပြန်လည်ရယူရာတွင် မှတ်တမ်းသက်သေများသည် မရှိမဖြစ်လိုအပ်လာမည် ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုများကို ကြောက်မက်ဖွယ်ရာကျူးလွန်နေသော်လည်း မြန်မာနိုင်ငံသည် ပုံမှန်အခြေအနေအတိုင်းလည်ပတ်နေသည်ဟု စစ်ကောင်စီက နိုင်ငံတကာအသိုင်းအဝိုင်းကိုလှည့်စားရန် ကြိုးပမ်းနေသည်။ လက်တွေ့အခြေအနေမှာမူ ဆန့်ကျင်ဘက်ဖြစ်နေသည်။စစ်ကောင်စီက အစိုးရအရာရှိများ၊ သံတမန်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောလူထုအခြေပြုအဖွဲ့အစည်း (NGO) များကိုပင် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) (၈) နှစ်ပြည့်အခမ်းအနားသို့ ဖိတ်ခေါ်ခဲ့သည်။ NCA သည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်မည့်လမ်းကြောင်း မဟုတ်ချေ။ စစ်ကောင်စီက ၎င်းတို့သည် တရားဝင်အစိုးရဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို လိုလားကြောင်း ပုံမှားရိုက်ရန်အတွက်သာ အဆိုပါအခမ်းအနားကို လူအထင်ကြီးဖွယ်ဖြစ်အောင် ခမ်းခမ်းနားနားဖြစ်အောင် ကျင်းပလိုခြင်းဖြစ်သည်။

စစ်ကောင်စီက ငြိမ်းချမ်းရေးအခမ်းအနားကို **“လူမြင်ကောင်းအောင်”** ကျင်းပနေသော်လည်း ပကတိမြေပြင်တွင်မူ လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ကြောင်းထိုးမှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေသည်။ ယခုလ၏ဒုတိယအပတ်တွင် ရက်စက်ကြမ်းကြုတ်သည့်လေကြောင်းတိုက်ခိုက်မှုကြောင့် ကချင်ပြည်နယ်တွင် အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် ပြည်သူလူထု၏အသက်များ ဒါဇင်နှင့်ချီ ဆုံးရှုံးခဲ့ရသည်။ စစ်ကောင်စီသည် ကျူးလွန်သူဖြစ်ပြီး ၎င်းတို့ကျူးလွန်မှုအတွက် ပြစ်ဒဏ်မခံရသေးချေ။ တာဝန်ယူတာဝန်ခံမှုများ၊ ပြန်လည်ကုစားရေးအစီအစဉ်များလည်း မရှိသေးချေ။ စစ်ကောင်စီ၏လုပ်ရပ်များကို ကြည့်ပါက ပြည်သူလူထု၏ ထိခိုက်နာကျင်ခံစားရမှုများမှတဆင့် အကျိုးအမြတ်ရယူရန်သာ စိတ်ဝင်စားနေကြောင်း သိသာထင်ရှားနေသည်။

စစ်ကောင်စီသည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအတွက်သာမက ပြည်ပရောက်မြန်မာအလုပ်သမားများအတွက်ပါ ပြဿနာဖြစ်နေကြောင်း အဖြစ်အပျက်များက သက်သေခံနေသည်။ ပြည်ပရောက်မြန်မာအလုပ်သမားများအနေဖြင့် ၎င်းတို့လုပ်ခလစာ၏ (၂၅) ရာခိုင်နှုန်းကို ပြည်တွင်းဘဏ်များသို့ တရားဝင်လွှဲပြောင်းပေးရမည်ဟု စစ်ကောင်စီက ၂၀၂၃ စက်တင်ဘာလ (၁) ရက်နေ့တွင်

ကြေညာခဲ့သည်။ ထိုသို့မလုပ်ဆောင်ပါက ပြည်ပထွက်ခွာခွင့်ကို (၃) နှစ် ပိတ်ပင်မည်ဖြစ်ကြောင်း စစ်ကောင်စီက ခြိမ်းခြောက်လာသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း နိုင်ငံတကာအသိုင်းအဝိုင်းများက စစ်ကောင်စီကို ဆန့်ကျင်ကြောင်း ပြသရန်အတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်လာသည်။ ကမ္ဘာ့ဘဏ်ကလည်း မြန်မာနိုင်ငံကို ချေးငွေရပ်ဆိုင်းခဲ့သည်။ ပို့ကုန်ရငွေများ ကျဆင်းလာပြီး စီးပွားရေးပိတ်ဆို့မှုများကလည်း အကျိုးသက်ရောက်မှု ရှိလာသည်။

စစ်တပ်ကထိန်းချုပ်ထားသည့် ဘဏ် (၂) ခုနှင့် အဆက်အသွယ်ဖြတ်တောက်ရန် စင်ကာပူအစိုးရက ဆုံးဖြတ်လိုက်သည်။ စစ်ကောင်စီအတွက် အမေရိကန်ဒေါ်လာရရှိရန် ပိုမိုခက်ခဲလာသည်။ အဆိုပါပြဿနာကို ဆေးမြီးတိုနည်းဖြင့်ကုသရန်အတွက် စစ်ကောင်စီက ပြည်ပရောက်မြန်မာအလုပ်သမားများကို ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ကြိုးပမ်းလာသည်။

**"သူများနိုင်ငံမှာ ပင်ပင်ပန်းပန်းနဲ့ ကျွန်လာလုပ်ပြီးရှာထားတဲ့ပိုက်ဆံကို သူတို့(စစ်ကောင်စီ)ကို (၂၅) ရာခိုင်နှုန်းလွှဲပေးရမည်ဆိုတာ လုံးဝမတရားဘူး။ သူများနိုင်ငံမှာ ဒုက္ခရောက်တုန်းက ဘယ်သူကမှလာဖြေရှင်းမပေးဘူး"** ဟု ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

ရွှေ့ပြောင်းအလုပ်သမားများက မိသားစုဝင်များထံသို့ လုပ်ခလစာများ ပြန်လည်ပေးပို့ရာတွင် ရိုးရှင်းပြီး လွယ်ကူသည့် **"တရားမဝင်ငွေလွှဲနည်းလမ်းများ"** ကိုသာ အသုံးပြုလေ့ရှိပြီး ရှုပ်ထွေးပြီး ကြန့်ကြာသည့် "ဘဏ်မှတဆင့် တရားဝင်ငွေလွှဲခြင်း" ကို အသုံးပြုလေ့မရှိချေ။

ရွှေ့ပြောင်းအလုပ်သမားများကို ပစ်မှတ်ထားသည့် ကြေညာချက်ကို ထုတ်ပြန်ပြီးနောက်ပိုင်း စစ်ကောင်စီက မွန်ပြည်နယ်ရှိ တရားမဝင်ငွေလွှဲလုပ်ကိုင်သူများကို စတင်ဖမ်းဆီးခဲ့သည်။ ၂၀၂၃ စက်တင်ဘာလ (၁၅) ရက်မှ (၁၇) ရက်နေ့အတွင်း ကျိုက်ထို၊ သထုံနှင့် ပေါင်မြို့နယ်များမှ တရားမဝင်ငွေလွှဲလုပ်ကိုင်သူ (၅) ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့ကို ငွေကြေးအဖွဲ့အစည်းဆိုင်ရာဥပဒေပုဒ်မ (၁၇၁) ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

**"ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားငွေလွှဲလုပ်ကိုင်သူတွေကို စစ်ကောင်စီက လိုက်ဖမ်းနေတယ်ဆိုတာက ပြည်ပကအလုပ်သမားတွေ ဘဏ်စနစ်နဲ့ ငွေလွှဲဖို့အတွက် လုပ်တာပဲ။ ဘဏ်ကနေလွှဲရင် သူတို့က (၂၅) ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်မယ်လေ"** ဟု ပြည်သူတစ်ဦးက ပြောသည်။

စစ်ကောင်စီသည် သဘာဝသယံဇာတမှရရှိသောဝင်ငွေများဖြင့် ပြည်သူများကို သတ်ဖြတ်နေသည့်အတွက် **"ပြည်သူထံမှရသည့်ငွေများဖြင့် ပြည်သူများကို ပြန်သတ်မည်"** ကို မလိုလားသောကြောင့် ရွှေ့ပြောင်းအလုပ်သမားများက ၎င်းတို့၏လုပ်ခလစာများကို စစ်ကောင်စီထိန်းချုပ်ထားသည့်ဘဏ်များသို့ မလွှဲပြောင်းလိုကြခြင်းဖြစ်သည်။ ၎င်းပြင် ပြည်တွင်းဘဏ်များသည် ပြင်ပပေါက်ဈေးထက် အဆမတန်နိမ့်ကျသည့် စစ်ကောင်စီကသတ်မှတ်ထားသောငွေလဲနှုန်းများကိုသာ ကျင့်သုံးနေသဖြင့် အလုပ်သမားများက ဘဏ်များမှတဆင့် ငွေလွှဲရန် မလိုလားကြချေ။

၂၀၂၃ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ပြင်ပဈေးကွက်၌ ထိုင်းဘတ် (၁) ဘတ်လျှင် မြန်မာကျပ်ငွေ (၉၆.၅) ကျပ်ပေါက်ဈေးရှိသော်လည်း စစ်ကောင်စီထိန်းချုပ်ဘဏ်များက (၅၅) ကျပ်သာ ဈေးနှုန်းသတ်မှတ်ထားသည်။ အမေရိကန်ဒေါ်လာ (၁) ဒေါ်လာလျှင် ပြင်ပဈေးကွက်တွင် ကျပ် (၃,၀၀၀) ဝန်းကျင်ရှိသော်လည်း ဘဏ်များက (၂,၀၀၀) ကျပ်ကျော်ကျော်သာ ဈေးဖွင့်ထားသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ပြည်ပထွက်အလုပ်လုပ်လိုသူအရေအတွက်သည် အဆမတန်မြင့်မားလာသည်။ နားလည်မှုစာချွန်လွှာ (MOU) နည်းလမ်းဖြင့် သွားရောက်လုပ်ကိုင်နေသူများ ရှိသကဲ့သို့ တရားမဝင်နည်းလမ်းဖြင့် သွားရောက်လုပ်ကိုင်နေသူများလည်း အများအပြားပင် ရှိသည်။

## အောက်တိုဘာလ ၂၀၂၃

**"စာချုပ်ချုပ်ထားတာက တစ်မျိုး လုပ်နေရတာက တစ်မျိုး။ MOU ခေါ်ပြီး ဟိုရောက်သွားတော့ အလုပ်ကလည်း မရှိဘူး။ အလုပ်ရဖို့ လန့်ချီစောင့်ရတာတွေ ရှိတယ်။ အရမ်းအခက်အခဲဖြစ်တယ်"** ဟု ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

စစ်ကောင်စီက **"ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ"** များကို ဖိအားပေးကာ ပြည်ပထွက်ခွာမည့် အလုပ်သမားများအနေဖြင့် ၎င်းတို့လုပ်ခလစာ၏ (၂၅) ရာခိုင်နှုန်းကို ပြည်တွင်းဘဏ်များသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ပြည်ပမထွက်ခွာမီအချိန်တွင် လက်မှတ်ထိုးစေခဲ့သည်။ **"ထိုးတော့ ထိုးထားပြီးပြီ။ ဟိုရောက်ရင် ဘယ်လိုပုံစံနဲ့ ငွေလွှဲရမလဲ သေချာမသိရသေးဘူး"** ဟု မကြာသေးခင်က ပြည်ပသို့ထွက်ခွာသွားသူ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

**"ဒီရက်ပိုင်း ကိုးရီးယားသွားမယ့် ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ပြည်ပမထွက်ခင်မှာ လက်မှတ်ထိုးလိုက်ရတယ်။ လစာထဲက (၂၅) ရာခိုင်နှုန်းကို ဘဏ်ထဲကို မဖြစ်မနေလွှဲပေးဖို့။ အေဂျင့်က လက်မှတ်ထိုးခိုင်းလို့ ထိုးလိုက်ရတယ်။ မထိုးလို့ မရဘူး"** ဟု သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

စစ်ကောင်စီက အလုပ်သမားများကို မတရားအာဏာပြ ဖိနှိပ်ခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်ခလစာများကို ခေါင်းပုံဖြတ်ခြင်းသည် ပြည်သူများအပေါ် ညှဉ်းပန်းနှိပ်စက်နေခြင်းဖြစ်ပြီး ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ကျော်လွန်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ထုတ်ပြန်ထားသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနထံမှ အကောက်အခွန်ကင်းရှင်းကြောင်း ထောက်ခံစာပြသနိုင်မှသာ နိုင်ငံကူးလက်မှတ်စာအုပ်များကို သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း စစ်ကောင်စီက အောက်တိုဘာလ (၁၆) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်သည် နိုင်ငံကူးလက်မှတ် (၂) ဖြစ်သော Passport For Job (PJ) နှင့် Passport For Seaman (PS) တို့အတွက် ဖြစ်ပြီး စာအုပ်သက်တမ်းတိုးမည်ဆိုပါက အခွန်ကင်းရှင်းကြောင်းထောက်ခံစာတစ်ပါတည်းယူဆောင်လာရမည်ဖြစ်သည်။

စစ်ကောင်စီက ပြည်ပရွှေ့ပြောင်းအလုပ်သမားများ၏ဝင်ငွေအပေါ် အခွန်ကောက်ခံခြင်းနှင့် ဝင်ငွေ၏ (၂၅) ရာခိုင်နှုန်းကို ၎င်းတို့ထိန်းချုပ်ထားသည့်ပြည်တွင်းဘဏ်များမှတဆင့် အတင်းအကြပ်လွှဲပြောင်းစေခြင်းများ ပြုလုပ်ရန် ကြိုးပမ်းနေသည်။

**"စစ်ကောင်စီက ပြည်ပအလုပ်သမားတွေဆီကနေ ဝင်ငွေ မရ,ရအောင် နည်းလမ်းအမျိုးမျိုး သုံးလာတယ်။ အခု Passport စာအုပ်နဲ့ ချုပ်ကိုင်လိုက်တော့ ကျွန်တော်တို့လို စင်ကာပူမှာအလုပ်လုပ်နေတဲ့ မြန်မာလုပ်သားတွေ ရှောင်လွှဲလို့ မရတော့ဘူး။ သက်တမ်းမတိုးဘဲ ဒီမှာနေလို့ မရဘူး"** ဟု စင်ကာပူရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးက ပြောသည်။

အခွန်ကင်းရှင်းကြောင်းထောက်ခံစာ မပြသနိုင်ပါက Passport စာအုပ်ကို သက်တမ်းတိုးပေးမည်မဟုတ်ကြောင်း စစ်ကောင်စီက ခြိမ်းခြောက်ထားသည်။

**"အခုလို အခွန်တွေ လစာရဲ့ (၂၅) ရာခိုင်နှုန်းတွေ ပေးနေရမယ်ဆိုရင် ကျွန်တော်တို့အတွက် ဘာမှမကျန်တော့ဘူး။ စင်ကာပူရောက်ဖို့ သိန်းရာကျော် ကုန်တယ်။ ခုနောက်ပိုင်း စင်ကာပူမှာ အလုပ်လာလုပ်တဲ့သူ အရမ်းများလာတော့ အရင်လို အဆင်မပြေတော့ဘူး။ overtime လည်း မရှိဘူး။ အလုပ်လည်း နည်းလာတယ်"** ဟု အဆိုပါ အလုပ်သမားက ပြောသည်။

ပြည်ပရောက်အလုပ်သမားများအနေဖြင့် အောက်တိုဘာလ (၁) ရက်နေ့မှစ၍ လုပ်ခလစာအတွက် ဝင်ငွေခွန်ကို စတင်ပေးဆောင်ရမည်ဖြစ်ကြောင်း စစ်ကောင်စီက ညွှန်ကြားထားသည်။

## အောက်တိုဘာလ ၂၀၂၃

**"သူများနိုင်ငံမှာ အခက်အခဲတွေ အများကြီးရင်ဆိုင်နေရတဲ့ အလုပ်သမားတွေကို မငဲ့ညှာဘဲ သူများချွေးနဲ့ရှာဖွေထားတဲ့ပိုက်ဆံကို စစ်ကောင်စီက လွယ်လွယ်နဲ့လိုချင်နေတယ်။ သူတို့လုပ်ရပ်က လုံးဝမတရားဘူး"** ဟု ပြည်ပရောက်အလုပ်သမားတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်းနေထိုင်သူပြည်သူများမှာလည်း အခွင့်အရေးချိုးဖောက်မှုမျိုးစုံကို ခံစားနေရသည်။ ယခုလပထမအပတ်တွင် တနင်္သာရီတိုင်း ပုလောမြို့နယ်၌ စစ်ကောင်စီက လူနေအိမ် (၃၀) ကျော် နှင့် မော်တော်ယာဉ်အစီး (၂၀) နီးပါးကို ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူ (၅) ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ စစ်ကောင်စီတပ်သားများက လက္ကူးကျေးရွာနှင့် တိုကျေးရွာများသို့ ဝင်ရောက်လာပြီး ပြည်သူပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့သည်။ လက္ကူးကျေးရွာမှ နေအိမ် (၁၇) လုံး၊ ပြင်ဖြူကျေးရွာမှ နေအိမ် (၇) လုံး၊ မြတောင်ကျေးရွာမှ နေအိမ် (၄) လုံးနှင့် ပိတပ်ကျေးရွာမှ နေအိမ် (၅) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

စုစုပေါင်းနေအိမ် (၃၃) လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး မော်တော်ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီစသည့် ယာဉ်မျိုးစုံ အစီး (၂၀) နီးပါးကို စစ်ကောင်စီတပ်က ရည်ရွယ်ချက်ရှိရှိ မီးရှို့ဖျက်ဆီးခဲ့သည်။

၎င်းပြင် ဒေသခံပြည်သူ (၅) ဦးကိုလည်း စစ်ကောင်စီက ပစ်သတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ လက်နက်ကြီးကြောင့် ကျေးရွာ (၂) ရွာမှနေအိမ် (၁၀) လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့သည်။ စစ်ကြောင်းထိုးလာသည့် စတုတ္ထမြောက်နေ့တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ (၈) ဦး သေဆုံးခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၂၃ စက်တင်ဘာလအကုန်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာပါ တွေ့ရှိချက်များက စစ်ကောင်စီကကျူးလွန်နေသည့် ရာဇဝတ်မှုအရေအတွက်သည် စိုးရိမ်ဖွယ်ရာမြင့်တက်လာနေကြောင်း ဖော်ပြနေသည်။ အဆိုပါကိန်းဂဏန်းများသည် တစ်ပတ်ပြီးတစ်ပတ် တစ်လပြီးတစ်လ ဆက်လက်မြင့်တက်နေသည်။ မအောင်မြင်သည့် အာဏာသိမ်းမှုသည် (၂) နှစ်ခွဲကျော် ကြာမြင့်လာပြီဖြစ်သော်လည်း စစ်ကောင်စီက ဆင်ခြင်ဉာဏ်ကင်းမဲ့သည့်အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်သည်။

ယခုအောက်တိုဘာလတွင် စစ်ကောင်စီက ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ရန် တရားဥပဒေများကို အသုံးချလာကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အကြိမ်ကြိမ်မှတ်တမ်းတင်ခဲ့သည်။ စစ်ကောင်စီထိန်းချုပ်သည့်တရားရုံးက ထားဝယ်မြို့မှအမျိုးသမီးတစ်ဦးကို ထောင်ဒဏ်အနှစ် (၄၀) ကျော် ချမှတ်ခဲ့ကြောင်း ၎င်း၏ဆွေမျိုးနီးစပ်တစ်ဦးက ပြောသည်။ ထောင်ဒဏ်ချမှတ်ခံရသူမှာ အသက် (၃၄) နှစ်အရွယ် မယဉ်ယဉ်ချိုဖြစ်ပြီး ထားဝယ်ခရိုင်တရားရုံးက ၎င်းကို ရာဇသတ်ကြီးပုဒ်မ (၅) ခုဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အကြမ်းဖက်အဖွဲ့အစည်းကို ငွေကြေးနှင့် ဖောက်ခွဲရေးပစ္စည်းများထောက်ပံ့မှုဆိုင်ရာ ပုဒ်မ ၅၀ (ည) ကို ဖောက်ဖျက်သည့်အမှု (၂) မှုအတွက် ထောင်ဒဏ် (၂၂) နှစ်၊ ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပုဒ်မ (၅၁) နှင့် (၅၂) ကို ဖောက်ဖျက်မှုအတွက် ထောင်ဒဏ် (၁၀) နှစ်၊ ထိခိုက်နာကျင်မှုနှင့် သတ်ဖြတ်မှုဆိုင်ရာ ပုဒ်မ (၅၄) ကို ဖောက်ဖျက်မှုအတွက် ထောင်ဒဏ် (၁၂) နှစ်ဖြင့် စုစုပေါင်း ထောင်ဒဏ် (၄၄) နှစ် ကျခံစေရန် မယဉ်ယဉ်ချိုကို အမိန့်ချခဲ့သည်။ ပုဒ်မ ၅၀(ည) အတွက် ထောင်ဒဏ် (၂၂) ကိုပြီးခဲ့သည့်မေလကတည်းက ချမှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းနောက် အခြားအမှုများကို ဆက်လက်စစ်ဆေးခဲ့သည်။ နောက်ဆုံးအပြီးသတ်အမိန့်အရ ထောင်ဒဏ် (၄၄) နှစ် ကျခံစေခဲ့ခြင်းဖြစ်ကြောင်း နီးစပ်သူများက ပြောသည်။ **"ပြစ်ဒဏ်တွေကတော့ တစ်သက်တစ်ကျွန်းအထိပါပဲ"** ဟု မယဉ်ယဉ်ချိုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

၂၀၂၃ ဇန်နဝါရီ (၂) ရက်နေ့တွင် မယဉ်ယဉ်ချိုနှင့် ၎င်း၏မိသားစုဝင်များကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ မိသားစုဝင်များကို ပြန်လွှတ်ပေးခဲ့သော်လည်း မယဉ်ယဉ်ချိုနှင့် အစ်ကိုဖြစ်သူကို

## အောက်တိုဘာလ ၂၀၂၃

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ အစ်ကိုဖြစ်သူသက်ဇော်ဝင်းကို အကြမ်းဖက်ဥပဒေဖောက်ဖျက်မှု ပုဒ်မ (၃) ခုကို ဖောက်ဖျက်မှုဖြင့် ထောင်ဒဏ် (၂၂) နှစ် ချမှတ်ခဲ့သည်။

ထားဝယ်အကျဉ်းထောင်တွင် အမျိုးသမီးအကျဉ်းသူ (၆၀) ဦးခန့် ရှိပြီး ထောင်ဒဏ် (၁၅) နှစ်အောက် ကျခံရန် အမိန့်ချမှတ်ခံထားရသူများ ဖြစ်သည်။ သို့သော် မယဉ်ယဉ်ချိုကမူ ထောင်ဒဏ်အများဆုံးချမှတ်ခံထားရသူ ဖြစ်သည်။ နိဗ္ဗာန်လမ်းရှိ ၎င်း၏အထည်ဆိုင်ကို လည်း စစ်ကောင်စီက သိမ်းယူခဲ့သည်။

၂၀၂၃ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ထားဝယ်ခရိုင်တရားရုံးက အသက် (၂၁) နှစ်အရွယ် ထားဝယ်တက္ကသိုလ်ကျောင်းသားကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ကူညီထောက်ပံ့သည်ဟု စွပ်စွဲကာ ထောင်ဒဏ် (၁၅) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ကိုလင်းထက်ဖြိုးသည် ဒဿနိကဗေဒ ဒုတိယနှစ်ကျောင်းသားတစ်ဦး ဖြစ်ပြီး ၂၀၂၃ ဇူလိုင်လ (၂၆) ရက်နေ့တွင် ၎င်း၏နေအိမ်၌ပင် ဖမ်းဆီးခံခဲ့ရသည်။ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ၅၂(က)တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

**“တရားသူကြီးက အမိန့်ကိုဖတ်ပြတဲ့အခါမှာ ကိုလင်းထက်ဖြိုးဖုန်းမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့ဆက်သွယ်ထားတဲ့သက်သေတွေကို တွေ့တယ်လို့ ပြောတယ်။ ဒါက နောက်ဆုံးအမိန့်ပဲ”** ဟု မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ပုဒ်မ ၅၀(ည) ကို ဖောက်ဖျက်မှုဖြင့် ထောင်ဒဏ် (၁၁) နှစ်၊ ပုဒ်မ ၅၂(က) ကို ဖောက်ဖျက်မှုဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၄) နှစ် စုစုပေါင်း ထောင်ဒဏ် (၁၅) နှစ် ချမှတ်ခံခဲ့ရသည်။ အာဏာမသိမ်းမီကာလတွင် ကိုလင်းထက်ဖြိုးသည် DJ ဂီတတီးခတ်သူတစ်ဦး ဖြစ်သည်။

အောက်တိုဘာလဒုတိယအပတ်တွင် စစ်ကောင်စီက ပြည်သူလူထုကို ပိုမိုထိန်းချုပ်လာပြီး စောင့်ကြည့်မှုများကိုလည်း ပိုမိုလုပ်ဆောင်လာသည်။ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူမစီးရ ဒေသန္တရအမိန့်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

ပြီးခဲ့သည့်စက်တင်ဘာလတွင် ပေါင်မြို့နယ်၌ စစ်ကောင်စီ၏ ရဲတပ်ဖွဲ့ဝင်များ၊ အထူးတပ်ဖွဲ့ဝင်များ၊ သတင်းပေးများနှင့် ပြည်သူ့စစ်အဖွဲ့ဝင်ဟောင်းများ ပစ်သတ်ခံရပြီးနောက် ဆိုင်ကယ်စီးနင်းခြင်းနှင့်ပတ်သက်သည့် ဒေသန္တရအမိန့်ကို ထုတ်ပြန်လာခြင်းဖြစ်သည်။

အမျိုးသမီးက အမျိုးသားမောင်းနှင်သည့် မော်တော်ဆိုင်ကယ်တွင် လိုက်ပါစီးနင်းခွင့်ရှိပြီး အမျိုးသမီး (၂) ဦးကလည်း ဆိုင်ကယ်တစ်စီးကို အတူတကွစီးနင်းနိုင်သည်။ သို့သော် အမျိုးသမီးမောင်းနှင်သည့်မော်တော်ဆိုင်ကယ်နောက်တွင်မူ အမျိုးသားက လိုက်ပါစီးနင်းခွင့် မရှိချေ။

**“အောက်တိုဘာလအစကတည်းက ရွာတွေမှာ လော်စပီကာတွေနဲ့ လိုက်အော်နေတာ။ အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးရင် အရေးယူမယ်တဲ့။ အကုန်လုံး ဒုက္ခရောက်ကုန်တာပေါ့”** ဟု ပေါင်ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကန့်သတ်ချက်ကြောင့် ဆိုင်ကယ်,ကယ်ရီပြေးဆွဲသူများ၊ ရာဘာခြံလုပ်သားများနှင့် ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝနှင့် လုပ်ငန်းခွင်ဘဝများ ထိခိုက်လာသည်။

**“ဆိုင်ကယ်,ကယ်ရီဆွဲဖို့က မလွယ်တော့ဘူး။ လူတွေက သိပ်မငှားကြတော့ဘူး။ ယောကျာ်းလေးခရီးသည် မတင်ရဘူးဆိုတော့ လုပ်ကိုင်စားသောက်ဖို့ ပိုခက်လာတာပေါ့”** ဟု ဆိုင်ကယ်,ကယ်ရီပြေးဆွဲသူတစ်ဦးက ပြောသည်။

## အောက်တိုဘာလ ၂၀၂၃

ကန့်သတ်ချက်ကို မလိုက်နာသူများကို စစ်ကောင်စီက မတရားဖမ်းဆီးစစ်ဆေးခြင်းများ ပြုလုပ်သည့်အပြင် ဆိုင်ကယ်ရပ်တန့်ပေးခြင်းမရှိပါက ပစ်ခတ်ဖမ်းဆီးသည်အထိ လုပ်ဆောင်လာသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ် ဘီးလင်း၊ ကျိုက်ထို၊ ပေါင်နှင့် ရေးမြို့နယ်များတွင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူမစီးရ ဒေသန္တရအမိန့်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာတွင် ဖမ်းဆီးခြင်းခံရသည့်ဒေသခံများအနက် (၁၀) ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ ပေါင်မြို့မရဲစခန်းမှ ရဲအရာရှိကိုကိုလွင် ပစ်သတ်ခံခဲ့ရသည့် စက်တင်ဘာလ (၃) ရက်နေ့နောက်ပိုင်း စစ်ကောင်စီက ပေါင်ဒေသခံပြည်သူ အယောက် (၂၀) ကျော်ကို ဖမ်းဆီးပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့်ဆက်သွယ်သည်ဟု စွပ်စွဲခဲ့သည်။

အဆိုပါဒေသခံများကို ဖမ်းဆီးစစ်ဆေးပြီး တစ်လအကြာတွင် ဒေသခံ (၁၀) ဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ၅၂(က) တို့ဖြင့် စစ်တပ်က အမှုဖွင့်ခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာလတွင် စစ်ကောင်စီက အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခဲ့သည့် ပေါင်ဒေသခံပြည်သူ အယောက် (၃၀) နီးပါးရှိကြောင်း ဒေသခံများက ပြောသည်။ ၎င်းတို့အနက် အချို့မှာ မိသားစုဝင်များနှင့်တွေ့ခွင့်မရဘဲ အဆက်အသွယ်ပြတ် ပျောက်ဆုံးနေကြောင်း သိရသည်။


နိုင်ငံတကာအသိုင်းအဝိုင်းက စစ်ကောင်စီကို အရေးယူရန် ပျက်ကွက်နေသဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများက နေ့စဉ်ရက်ဆက်ဖြစ်ပွားနေသည်။ ပိုမိုထိရောက်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ထပ်ခါတလဲလဲတိုက်တွန်းနေသည့် လူထုအခြေပြုအဖွဲ့အစည်းများအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ တုံ့ပြန်ချက်မှာ စိတ်ပျက်ဖွယ် စိတ်တိုဖွယ်ကောင်းနေသည်။ ၂၀၂၃ အောက်တိုဘာလ (၁၇) ရက်နေ့တွင် လူ့အခွင့်အရေးအဖွဲ့အစည်း (၄၀၀) ကျော်က စစ်ကောင်စီကို ကုလသမဂ္ဂလုံခြုံရေးညီလာခံ၏ဆုံးဖြတ်ချက်ဖြင့် အရေးယူနိုင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများကို တောင်းဆိုခဲ့သည်။ စစ်ကောင်စီကို အပြည်ပြည်ဆိုင်ရာ,ရာဇဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရန်၊ လက်နက်ရောင်းဝယ်ခွင့် ပိတ်ပင်ရန်နှင့် ပိတ်ဆို့မှုများကို ပူးပေါင်းချမှတ်ရန် တောင်းဆိုခဲ့သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၃ အောက်တိုဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၆၈) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၂) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၄၂) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၁၅) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရားဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**အောက်တိုဘာလ ၂၀၂၃**




**3+**

စစ်ကောင်စီ၏ ပစ်မှတ်ထားခြင်းခံရသည့် ဒီမိုကရေစီအရေး
တက်ကြွလှုပ်ရှားသူဦးရေ

# 8

## ၂၀၂၃ အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 5 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

၁၇,၀၀၀ +

**နေရပ်မှ အတင်းအဓမ္မစွန့်ခွာ ထွက်ပြေးရသူများစာရင်း**

**ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း (မွန်၊ ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)**

**7+**

စစ်အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အလုပ်မှထုတ်ပယ်ခံရသူ ဦးရေ

**3+**

စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများဦးရေ

**9+**

စစ်ကောင်စီတပ်က အစအန ဖျောက်လိုက်သည့် ပြည်သူများ ဦးရေ

## 12+

ထားဝယ်ဒေသမှ ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ်
အသုံးပြုခံရသည့် ရွာသားများဦးရေ

## 85+

ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်အရေအတွက်

## 42+

မတရားဖမ်းဆီးသိမ်းယူခဲ့သော
မော်တော်ဆိုင်ကယ်အရေအတွက်

## 5+

စစ်ကောင်စီတပ်ကသိမ်းဆည်းခဲ့သည့်
မော်တော်ယာဉ်အရေအတွက်

## 5+

မွန်ပြည်နယ်တွင် ဖမ်းဆီးထိန်းသိမ်းခံ
ခဲ့ရသည့် CDM ဝန်ထမ်းများနှင့် တက်
ကြွလှုပ်ရှားသူများ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖြစ်ပွားနေသည့်
လေကြောင်းတိုက်ခိုက်မှုသည် ဒေသခံပြည်သူလူထု၏
အသက်အိုးအိမ်နှင့် လုံခြုံရေးကို ဆက်လက်ခြိမ်းခြောက်
နေဆဲဖြစ်သည်။

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ဒေသခံပြည်သူ အနည်းဆုံး (၁၃) ဦးသည်
အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခံထားရပြီး ပြည်သူ (၇) ဦး
မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် အဆက်အသွယ်လုပ်ဆောင်ခဲ့
သည်ဟူသောစွပ်စွဲချက်ဖြင့် ထိန်းသိမ်းခံထားရသည်။

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

## ကရင်ပြည်နယ်

- IDP 7,700 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 12 ဦးခန့်
- သေဆုံးသူ 6 ဦးခန့်

ကရင်ပြည်နယ်တွင် စစ်ကောင်စီက အပြစ်မဲ့ပြည်သူများ အပေါ်တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။ ဒေသခံပြည်သူများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့ များမှ တာဝန်ခံများ၏ ပြောကြားချက်အရ ကော့ကရိတ် မြို့နယ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၁၀) နှစ်အရွယ် ကလေးငယ်အပါအဝင် ဒေသခံ ပြည်သူ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ (၆) ရက်နေ့ နေ့လည်ပိုင်းအချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အမှတ် (၂) ရပ်ကွက်အတွင်း သို့ လက်နက်ကြီး (၂) လုံး ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် အမှတ် (၂) ရပ်ကွက်မှ အသက် (၁၀) နှစ်အရွယ် မောင်ဥက္ကာဖြိုးနှင့် အသက် (၄၆) နှစ်အရွယ် ဦးအောင်ကိုလတ်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

“တိုက်ပွဲမရှိဘဲနဲ့ကို လက်နက်ကြီးနဲ့ ပစ်တာ။ ကလေး (၁) ယောက်နဲ့ လူကြီး (၁) ယောက် ဒဏ်ရာရသွားတယ်။ ကလေးက ဒဏ်ရာမပြင်းပေမဲ့ ကိုအောင်ကိုလတ်ကိုတော့ ဘားအံဆေးရုံကို ပို့ထားရတယ်။ သူ့ကိုယ်မှာ မိုင်းစတွေ အများကြီးစိုက်ဝင်နေတယ်လို့ ပြောတယ်” ဟု ကော့က ရိတ်ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးထိမှန်ခဲ့သူ မောင်ဥက္ကာဖြိုးကို ဒေသခံလူမှု ကယ်ဆယ်ရေးအဖွဲ့၏အကူအညီဖြင့် ကော့ကရိတ်ဆေးရုံ သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ဦးအောင်ကိုလတ်ကို မူ ဒဏ်ရာပြင်းထန်သဖြင့် ဘားအံဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့ရသည်။

အဆိုပါပေါက်ကွဲမှုပြီးနောက် ညနေ (၅) နာရီခန့် အချိန်တွင် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်တွင် နောက်ထပ်ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ချေ။ မြို့ပေါ်တွင် လက်နက်ကြီး များ ကျရောက်ပေါက်ကွဲနေသဖြင့် ဒေသခံပြည်သူများမှာ စိုးရိမ်ထိတ်လန့်နေသည်။ အသက်အန္တရာယ်လုံခြုံရေးနှင့် မိသားစုစားဝတ်နေရေးတို့အတွက် ပူပန်နေရသည်။

အောက်တိုဘာလ (၃) ရက်နေ့တွင် ကော့ကရိတ်မြို့နယ် အံဖကြီးကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲ မှုကြောင့် အသက် (၅၆) နှစ်အရွယ် ဒေါ်မယ့်တင်အေး သည် ဝမ်းဗိုက်တွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ခဲ့သည်။ ၂၀၂၃ ဖေဖော်ဝါရီလ (၂) ရက်နေ့ကတည်းက စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည့် ကော့ကရိတ်မြို့တွင် တော်လှန်ရေး အင်အားစုများက မြို့သိမ်းတိုက်ပွဲဖော်ဆောင်နေသဖြင့် စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေ ခြင်းဖြစ်သည်။

## မွန်ပြည်နယ်

- IDP 2,950 + ဦးခန့်တိုးမြှင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 12 ဦးခန့်
- သေဆုံးသူ 3 ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ်တွင်တစတစကြီးထွားလာသည့် စိုးရိမ်ပူပန်မှုတစ်ခုမှာမတရားဖမ်းဆီးခံရခြင်းနှင့်အခြေအမြစ်မရှိသောတရားစွဲဆိုခြင်းများ ဖြစ်သည်။ မွန်ပြည်နယ် မော်လမြိုင်နှင့် သထုံမြို့များတွင် ဖမ်းဆီးခံခဲ့ရသည့် ဒေသခံပြည်သူ (၂) ဦးကို စစ်ကောင်စီက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့ကြောင်း မိသားစုနှင့်နီးစပ်သူများက ပြောသည်။

စက်တင်ဘာ (၂၂) ရက်နေ့တွင် စစ်ကောင်စီပူးပေါင်းအဖွဲ့က သထုံမြို့ ဘင်လှိုင်းရပ်ကွက်အနီး သထုံ-ဘားအံကားလမ်းတွင် စစ်ဆေးရေးပြုလုပ်နေစဉ် အသက် (၁၈) နှစ်အရွယ် မအေးချမ်းမေကို ဖမ်းဆီးခဲ့သည်။ ၎င်း၏လက်ကိုင်ဖုန်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ တွေ့ရှိခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။ ၎င်းကို စက်တင်ဘာ (၂၄) ရက်နေ့တွင် သထုံမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ၅၂(က)နှင့် (ခ) တို့ဖြင့် စွဲချက်တင်ခဲ့သည်။

ထို့ပြင် စက်တင်ဘာလ (၂၇) ရက်နေ့တွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်နေ ကိုညီထက်အောင်ကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့်ပတ်သက်သည့်သတင်းများကို Facebook လူမှုကွန်ရက်တွင် မျှဝေသည်ဟုစွပ်စွဲကာ ၎င်း၏နေအိမ်သို့ လာရောက်ဖမ်းဆီးခဲ့သည်။ ၎င်းကို စစ်ကောင်စီက ဇေယျာသီရိရဲစခန်းတွင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) ဖြင့် အမှုဖွင့်ခဲ့သည်။

"ဒီလမှာ မွန်ပြည်နယ်ကလူတွေ တော်တော်အဖမ်းခံရတယ်။ ဖမ်းတဲ့သူအတော်များများကိုလည်း အကြမ်းဖက်မှုနဲ့ စွဲချက်တင်တယ်။ ဖိနှိပ်လို့ရတဲ့နေရာမှာ ပိုဖိနှိပ်တဲ့သဘောပေါ့" ဟု နိုင်ငံရေးအကျဉ်းသားများအရေး ကူညီဆောင်ရွက်နေသူတစ်ဦးက မှတ်ချက်ပြုသည်။

စက်တင်ဘာလအတွင်း ကျိုက်ထို၊ သထုံ၊ ပေါင်၊ မော်လမြိုင်နှင့် သံဖြူဇရပ်မြို့နယ်များမှ ဒေသခံပြည်သူ အနည်းဆုံးအယောက် (၃၀) ခန့် ဖမ်းဆီးခံခဲ့ရကြောင်း မိသားစုဝင်များ နှင့်နီးစပ်သူများက ပြောသည်။ ၎င်းတို့အနက်အယောက် (၂၀) ခန့်မှာ မိသားစုနှင့်အဆက်အသွယ်ပြတ်တောက်ကာ ပျောက်ဆုံးနေကြောင်း သိရသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က မွန်ပြည်နယ်တွင် စစ်ကောင်စီက ဖမ်းဆီးထားသူ ဒေသခံပြည်သူ (၈၂၀) ဦး ရှိကြောင်း အောက်တိုဘာလ (၃) ရက်နေ့တွင် ထုတ်ပြန်ထားသည်။

ဘီးလင်းနှင့် ပေါင်မြို့နယ်များမှ ဒေသခံပြည်သူ (၂) ဦးကိုလည်း စစ်ခေါင်းဆောင်ကို လူမှုကွန်ရက်တွင်ဝေဖန်သည်ဟုဆိုကာ ဖမ်းဆီးအမှုဖွင့်ခဲ့သည်။ ပေါင်မြို့နယ် ကျွဲခြံကျေးရွာမှ "Aye Ni Ni Aung" Facebook account ပိုင်ရှင် မနီနီအောင်ကို စစ်ကောင်စီက အောက်တိုဘာလ (၃) ရက်နေ့ ည (၉) နာရီအချိန်တွင် ဖမ်းဆီးခဲ့သည်။

အလားတူ အောက်တိုဘာလ (၂) ရက်နေ့တွင်လည်း ဘီးလင်းမြို့နယ် အာလူးကျေးရွာမှ "Min Tun Mayt Aung" Facebook account ပိုင်ရှင် ကိုမင်းထွန်းမြတ်အောင်ကို စစ်ခေါင်းဆောင်ကို ဝေဖန်တိုက်ခိုက်သည်ဟုဆိုကာ ၎င်း၏နေအိမ်သို့ လာရောက်ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူများသည် ဆန္ဒပြပွဲများတွင် ပါဝင်လေ့ရှိသူများဖြစ်ပြီး အာဏာသိမ်းစစ်ခေါင်းဆောင်ကို အကြည်ညိုပျက်စေသည့်ရေးသားချက်များကို လူမှုကွန်ရက်တွင် ရေးသားမျှဝေလေ့ရှိသည်ဟု စစ်ကောင်စီနှင့်နီးစပ်သူများက ပြောသည်။

"ကျွန်တော်သိသလောက်တော့ ဆန္ဒပြပွဲမှာ ပါဝင်ဖူးသူတွေ နာမည်ထွက်တဲ့သူတွေကို သူတို့က စောင့်ကြ

ညှဲ့နေတာ။ ဘီးလင်းနဲ့ ပေါင်က (၂) ယောက်စလုံးက မင်းအောင်လှိုင်ကို ဝေဖန်တဲ့ ပို့စ်(ရေးသားချက်)တွေကို မျှဝေလို့ အဖမ်းခံလိုက်ရတာ” ဟု အဆိုပါကိစ္စကိုသိရှိသူတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူ (၂) ဦးကို ပေါင်နှင့်ဘီးလင်းမြို့မရဲစခန်းများတွင် ထိန်းသိမ်းထားပြီး အကြမ်းဖက်တိုက်ဖျက်မှုဥပဒေပုဒ်မ ၅၂(က) ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။ ၎င်းပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့်လည်း အမှုဖွင့်ထားကြောင်း သိရသည်။

အဆိုပါပုဒ်မများသည် အနည်းဆုံးထောင်ဒဏ် (၃) နှစ်မှ အများဆုံးထောင်ဒဏ် (၆) နှစ်အထိ ချမှတ်နိုင်သည့်ပုဒ်မများဖြစ်သည်။

၂၀၂၃ စက်တင်ဘာလ နောက်ဆုံးအပတ်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် “ကျော်ကြား” ဖုန်းဆိုင်မှ ဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်း (၂) ဦးကို စစ်ကောင်စီက ဖမ်းဆီးပြီး သံဖြူဇရပ်မြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ၎င်းတို့သည် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့၏သတင်းများကို လူမှုကွန်ရက်တွင် မျှဝေခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။

၂၀၂၃ အောက်တိုဘာလ (၁၈) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာမှ အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးသန်းလွင်ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်း၏နေအိမ်သို့ အရပ်ဝတ်ဖြင့်ရောက်ရှိလာပြီး ၎င်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့သတင်းပေးသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

“သူ့ကိုဖမ်းသွားတာ ခလရ (၃၁၀) ပဲ။ ဒါပေမဲ့ ဘယ်မှာဖမ်းထားသလဲဆိုတာတော့ မသိဘူး” ဟု ၎င်း၏မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ဒေသခံပြည်သူအယောက် (၁၀၀) နီးပါးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်သွယ်သည်ဟုစွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခဲ့သူအများစုကို ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

ဖမ်းဆီးထားသူများကို “အစအနပျောက်ပစ်ခြင်း” သည်လည်း ပုံမှန်ဖြစ်ပွားနေသည်။ မွန်ပြည်နယ် ရေးမြို့နယ် ရေးမြို့အထွက်စစ်ဆေးရေးဂိတ်တွင် အငှားယာဉ်မောင်းတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီး (၃) ပတ်ကျော်ကြာသည်အထိ မိသားစုဝင်များက ၎င်းနှင့်အဆက်အသွယ်မရကြောင်း နီးစပ်သူများက ပြောသည်။ ဖမ်းဆီးခံရသူမှာ အသက် (၄၃) နှစ်အရွယ် ဦးကြူဝင်းသိန်းဖြစ်ပြီး ရန်ကုန်-ထားဝယ်ကားလမ်းတွင် ခရီးသည်များကို ၎င်း၏ Probox ကားတစ်စီးဖြင့် ပို့ဆောင်ပေးနေသူဖြစ်သည်။

အောက်တိုဘာလ (၂) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် လက်နက်ကိုင်တပ်ဖွဲ့တစ်ခုက လမ်းပေါ်မှ Probox ကားတစ်စီးကို တားဆီးရပ်တန့်စေပြီး ယာဉ်မောင်းအပါအဝင် ကားပေါ်ပါလာသူ (၄) ဦးကို ကားပေါ်မှဆင်းခိုင်းခဲ့သည်။ ထို့နောက် ယာဉ်မောင်း၏ဦးခေါင်းကို (အဝတ်ဖြင့်)စွပ်ကာ ၎င်း၏ကားနှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားသည်ကို အခြားခရီးသည်များက တွေ့မြင်ခဲ့ရသည်။

နေ့ခင်း (၁၁) နာရီခန့်တွင် အခြားခရီးသည် (၃) ဦးကို အခြားကားတစ်စီးဖြင့် ရန်ကုန်သို့ ပြန်လွှတ်ပေးလိုက်သော်လည်း ယာဉ်မောင်းဖြစ်သူကိုမူ ၎င်း၏ကားနှင့်အတူ ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားသည်။

“အဲဂိတ်က စုပေါင်းဂိတ်ပဲ။ DKBA နဲ့ BGF တွေလည်း ရှိတယ်။ တခြားစစ်သားတွေလည်း ရှိတယ်။ အရင်က အကြာကြီး ပိတ်ထားတာ။ အခုပြန်ဖွင့်ပြီး စစ်ဆေးရေးတွေ လုပ်နေတယ်။ ခလရ (၅၈၆) နဲ့ ကိုက် (၂၀၀) လောက်ပဲ ဝေးတယ်” ဟု ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာ (၂) ရက်နေ့တွင် ရန်ကုန်သို့ ခရီးသည်ပို့ဆောင်ရန် ထွက်ခွာလာသည့် ဦးကြူဝင်းသိန်းကို ခလရ (၅၈၆) အနီးရှိ DKBA စစ်ဆေးရေးဂိတ်က ဖမ်းဆီးခဲ့ကြောင်း ၎င်း၏မိသားစုဝင်များက ပြောသည်။

“သူတို့က သေချာစစ်ပြီး ဖမ်းသွားတာ။ ခရီးသည် (၃) ယောက်ကိုတော့ ပြန်လွှတ်ပေးလိုက်တယ်” ဟု ဦးကြူဝင်းသိန်း၏မိသားစုဝင်တစ်ဦးက ပြောသည်။

အောက်တိုဘာလ (၃) ရက်နေ့တွင် ဦးကြူဝင်းသိန်းကိုဖမ်းဆီးခေါ်ဆောင်သွားသည့် လက်နက်ကိုင်တပ်ဖွဲ့၏နေရာသို့ မိသားစုဝင်များက သွားရောက်မေးမြန်းစုံစမ်းခဲ့သော်လည်း ၎င်းတို့အနေဖြင့် မည်သူ့ကိုမျှ ဖမ်းဆီးထိန်းသိမ်းထားခြင်းမရှိကြောင်း အဆိုပါလက်နက်ကိုင်အဖွဲ့က ငြင်းဆိုခဲ့သည်ဟု မိသားစုဝင်များက ပြောသည်။

ဂိတ်စခန်းရှိစစ်သားများသည် DKBA စစ်ဝတ်စုံများ ဝတ်ဆင်ထားပြီး အရပ်ဝတ်လက်နက်ကိုင်များလည်း ရှိနေသည်။ အချို့မှာ ဗမာဘာသာစကားကို အသုံးပြုပြောဆိုနေသည်။ ဖမ်းဆီးခံခဲ့ရသည့်မနက်ပိုင်းမှစ၍ မည်သည့်သတင်းအစအနကိုမျှ မရရှိချေ။ မိသားစုဝင်များက ရေးမြို့မရဲစခန်းသို့ သွားရောက်စုံစမ်းခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်များက ဦးကြူဝင်းသိန်းကို ထိန်းသိမ်းထားခြင်းမရှိကြောင်း ငြင်းဆိုပြန်သည်။ ဦးကြူဝင်းသိန်းသည် လောင်းလုံးမြို့နယ်မှ ထားဝယ်မြို့သို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ဝဲကျွန်းထိန်လေးရပ်ကွက်တွင် နေထိုင်နေသည်မှာ (၅) လခန့်ပင် ရှိနေပြီဖြစ်သည်။ ၎င်းသည် Probox ကားတစ်စီးဖြင့် အငှားယာဉ်မောင်းအလုပ်ဖြင့် အသက်မွေးနေသူဖြစ်သည်။

> **“ဒီလမှာ မွန်ပြည်နယ်ကလူတွေ တော်တော်အဖမ်းခံရတယ်။ ဖမ်းတဲ့သူအတော်များများကိုလည်း အကြမ်းဖက်မှုနဲ့ စွဲချက်တင်တယ်။ ဖိနှိပ်လို့ရတဲ့နေရာမှာ ပိုဖိနှိပ်တဲ့သဘောပေါ့”**

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 6,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 18 ဦးခန့်
- သေဆုံးသူ 6 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတောင်ပိုင်းတွင် အကြမ်းဖက်မှုများ "တရှိန်ထိုး" မြင့်တက်လာသည်။ စက်တင်ဘာလ (၁၅) ရက်နေ့မှ (၁၈) ရက်နေ့အတွင်း စစ်ကောင်စီတပ်များက မြိတ်ခရိုင် ပုလောမြို့နယ် လက္ကူးနှင့် တိုကျေးရွာများသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်လာပြီး နေအိမ်များနှင့် ယာဉ်များကို ဖျက်ဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

တိုကျေးရွာအုပ်စု လက္ကူးကျေးရွာမှ နေအိမ် (၁၇) လုံး၊ ပြင်ဖြူကျေးရွာမှ နေအိမ် (၇) လုံး၊ မြတောင်ကျေးရွာမှ နေအိမ် (၄) လုံးနှင့် ပိတပ်ကျေးရွာမှ နေအိမ် (၅) လုံး စုစုပေါင်း နေအိမ် (၃၃) လုံးကို စစ်ကောင်စီက မီးရှို့ဖျက်ဆီးခဲ့သည်။ ကား၊ ဆိုင်ကယ်၊ ဘေးတွဲဆိုင်ကယ်နှင့် ထော်လာဂျီ (၁၂) စီးခန့်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ ပြင်ဖြူနှင့် ပိတပ်ကျေးရွာများမှ ဒေသခံပြည်သူ (၅) ဦးကိုလည်း စစ်တပ်က ပစ်သတ်ခဲ့သည်ဟု ရွာသားများက ပြောသည်။

လက်နက်ကြီးကြောင့် နေအိမ်အနည်းဆုံး (၁၀) လုံးခန့် ပျက်စီးခဲ့ပြီး ကျေးရွာ (၂) ရွာမှ နေအိမ်များလည်း ပျက်စီးခဲ့သည်။ စစ်ကြောင်းထိုးလာသည့် စတုတ္ထမြောက်နေ့တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က (၈) ဦး သေဆုံးခဲ့သည်။ ပုလောမြို့နယ်သည် စစ်အုပ်ချုပ်ရေးကြေညာထားသည့်မြို့နယ် ဖြစ်ပြီး တနင်္သာရီတိုင်းတွင် တိုက်ပွဲအများဆုံးဖြစ်ပွားနေသည့်မြို့နယ်လည်း ဖြစ်သည်။

တနင်္သာရီတိုင်းတွင် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်အပြောင်းအလဲဖြစ်ပြီးနောက် နေအိမ်မီးရှို့မှုများနှင့် ဖမ်းဆီးသတ်ဖြတ်မှုများ ပိုမိုဖြစ်ပွားလာကြောင်း ဒေသခံများက ပြောသည်။ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများလည်း ပိုမိုလုပ်ဆောင်လာသည်။

၂၀၂၃ စက်တင်ဘာလ (၂၅) ရက်နေ့တွင် တနင်္သာရီတိုင်း အရှေ့မော်တုံးဒေသတွင် တပ်စွဲထားသည့် ခရလ (၃၀၆) က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ ရွာသား (၁) ဦး သေဆုံးခဲ့သည်။

"လက်နက်ကြီးသံကြားတော့ အိမ်ရှေ့တံခါးကို ထွက်ပိတ်တာ။ အဲမှာ လက်နက်ကြီးက တည့်တည့်ကျလာပြီး ပေါက်ကွဲတာ။ ဆေးရုံပို့ဖို့ ကြိုးစားပေမဲ့ သွေးထွက်လွန်ပြီး မိနစ်ပိုင်းမှာပဲ ဆုံးသွားတယ်" ဟု အရှေ့မော်တုံးမှ ရွာသားတစ်ဦးက ပြောသည်။

အရှေ့မော်တုံး၊ ဇလုံ၊ ထုံးနွယ်နှင့် ဘဲလမုကျေးရွာများတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ပြီး အရှေ့မော်တုံးမှနေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်တပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ (၉) ရက်နေ့ နံနက်ပိုင်းတွင် စစ်တပ်က ကျေးရွာများကို ဝင်ရောက်စီးနင်းသဖြင့် ရေဖြူမြို့အနောက်ဘက်ရှိကျေးရွာများနှင့် လောင်းလုံးမြို့အနောက်မြောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ ထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စစ်တပ်က လက်နက်ကြီးဖြင့် (၃) ကြိမ် ပစ်ခတ်ခဲ့ပြီး ပြည်သူများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်။

ရေဖြူမြို့နယ်ကို စစ်တပ်က အကြိမ်ကြိမ်စစ်ကြောင်းထိုးနေပြီး သပြေဖွန်းနှင့် ဗဂေါ်ဖွန်းကျေးရွာများမှ ရွာသားများကို ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသည့် အရေအတွက် နှင့် အခြေအနေအတိအကျကို ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။ စက်တင်ဘာ (၂၁) ရက်နေ့နှင့် အောက်တိုဘာ (၃) ရက်နေ့အကြား (၁၃) ရက်တာကာလအတွင်း စစ်တပ်က ရေဖြူမြို့အရှေ့ဘက်ကမ်းရှိ ကျေးရွာများကို တိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူများမှာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။

စစ်ကောင်စီတပ်က စစ်ကြောင်း (၂) ကြောင်းခွဲပြီး လောင်းလုံးနှင့်ရေဖြူမြို့နယ် အစပ်တွင် အင်အားဖြည့်တင်းကာ စစ်ကြောင်းထိုးနေသည်။ စစ်ကြောင်းတစ်ကြောင်းက သပြေဖွန်း၊ မင်းဒပ်နှင့် ပုဂေါ်ဖွန်းကျေးရွာများကို စစ်ကြောင်းထိုးနေပြီး နောက်စစ်ကြောင်းတစ်ခုက လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာဘက်သို့ ဦးတည်ထွက်ခွာသွားသည်။

စစ်ကြောင်းထိုးသည့် (၁၃) ရက်တာကာလအတွင်း ဒေသခံပြည်သူ (၁) ဦးနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (၂) ဦးတို့ သတ်ဖြတ်ခံခဲ့ရပြီး အခြေစိုက်စခန်း (၄) ခုထက်မနည်း စီးနင်းခံခဲ့ရသည်။ ၎င်းပြင် ပလမြို့ခံများကိုလည်း စစ်တပ်က အကြောင်းပြချက်မရှိ လိုက်လံဖမ်းဆီးနေသည်။

၂၀၂၃ အောက်တိုဘာလ (၈) ရက်နေ့တွင် တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ပလမြို့ အမှတ် (၃) ရပ်ကွက်မှ အသက် (၅၅) နှစ်အရွယ် အမျိုးသား (၁) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့သည်။ ဦးသိန်းတန်သည် ဆိုင်ကယ်,ကယ်ရီပြေးဆွဲနေစဉ် လှည့်ကင်းနှင့်တိုးပြီး ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

"ဦးသိန်းတန်က အရင် NLD အစိုးရလက်ထက်မှာ အမှတ် (၃) အုပ်ချုပ်ရေးမှူး လုပ်ခဲ့ဖူးတယ်။ ခုတော့ ဝမ်းစာအတွက် ဆိုင်ကယ်,ကယ်ရီပြေးဆွဲနေတာ" ဟု ဦးသိန်းတန်မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ ဦးသိန်းတန်ကို ပလမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားသည်။

စက်တင်ဘာလ (၂၂) ရက်နေ့တွင် အမှတ် (၃) ရပ်ကွက်မှ နောက်ထပ်ပြည်သူတစ်ဦးဖြစ်သူ အသက် (၄၂) နှစ်အရွယ် ကိုကျားကြီးကို ကားပြင်ဆိုင်တစ်ခုတွင် စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

"သူတို့နှစ်ယောက်စလုံးက အေးအေးဆေးဆေးနေတတ်တဲ့သူတွေပါ။ သူတို့ကို လမ်းမှာပဲ ဖမ်းသွားတာ။ ဘာကြောင့်ဖမ်းလဲဆိုတာတော့ မသိဘူး" ဟု ပလမြို့ခံတစ်ဦးက ပြောသည်။

ဒေသခံပြည်သူများ၏ပြောကြားချက်အရ အမှတ် (၃) နှင့် (၄) ရပ်ကွက်များကို စစ်ကောင်စီတပ်က မနက်တစ်ကြိမ် ညနေတစ်ကြိမ် တစ်နေ့လျှင်နှစ်ကြိမ် ကင်းလှည့်နေသည်။ အောက်တိုဘာလ (၈) ရက်နေ့အထိ အမှတ် (၃) ရပ်ကွက်မှ ပြည်သူ (၃) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

၂၀၂၃ အောက်တိုဘာ (၇) နှင့် (၉) ရက်နေ့များတွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျောက်ကညာကျေးရွာမှ ရွာသား (၂၄) ဦးကို ကျေးရွာအခြေစိုက်အမြောက်တပ်က ဖမ်းဆီးခဲ့သည်။ ၎င်းတို့အနက် (၅) ဦးကိုသာ ပြန်လွှတ်ပေးခဲ့ပြီး ကျန် (၁၉) ဦးကို ထိန်းသိမ်းထားဆဲဖြစ်သည်။

"စစ်ကြောင်းထိုးတုန်းက ဖမ်းထားတဲ့သူတွေကို အဲနေ့မှာပဲ ပြန်လွှတ်ပေးလိုက်တယ်။ ဒါပေမဲ့ အမြောက်တပ်က ဖမ်းသွားတဲ့သူတွေကတော့ ပြန်မလွှတ်သေးဘူး။ (၅) ယောက်ပဲ လွှတ်လာတယ်" ဟု ဒေသခံသတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

ဖမ်းဆီးခံရသူအများစုမှာ လူငယ်များဖြစ်ပြီး ကျောက်ကညာကျေးရွာအခြေစိုက် အမြောက်တပ်နှင့် ရေဖြူမြို့နယ်ရဲစခန်းတွင် စစ်ဆေးမေးမြန်းခံနေရသည်။

"စစ်ကြောင်းကတော့ လူသားဒိုင်းအဖြစ်သုံးဖို့ ဖမ်းတာပဲ။ ဒါပေမဲ့ အမြောက်တပ်က ဘာလို့ဖမ်းတာလဲဆိုတာတော့ မပြောတတ်ဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျောက်ကညာအခြေစိုက်အမြောက်တပ်ရင်းသည် အနီးအနားပတ်ဝန်းကျင်များတွင် ကင်းပုန်းဝပ်ပြီး ရွာသားများကို အကြောင်းမဲ့ဖမ်းဆီးနေသည်။ လူငယ်အများစုသည် ကျေးရွာတွင် မနေရဲတော့ဘဲ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

၂၀၂၃ အောက်တိုဘာလ (၁၁) ရက်နေ့တွင် တနင်္သာရီမြို့နယ်မှ ဒေသခံပြည်သူ (၂) ဦးသည် စစ်တပ်ကပစ်ခတ်လိုက်သည့်လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တနင်္သာရီမြို့နယ် အောက်ကင်းကျေးရွာအခြေစိုက် ခမရ (၅၅၇) နှင့် ကမ္ဘလိုင်းကျေးရွာအခြေစိုက် ခမရ (၅၅၈) တို့က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေခြင်းဖြစ်သည်။ ထိုသို့ပစ်ခတ်မှုကြောင့် အသက် (၁၄) နှစ်အရွယ် လဲတောင်ယာကျေးရွာမှ ကလေးငယ် (၁) ဦးနှင့် တမုတ်ချောင်းကျေးရွာမှ အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

"ဒဏ်ရာရသွားတဲ့ဆယ်ကျော်သက်က ကျောင်းသားတစ်ယောက်ပဲ။ လက်နက်ကြီးက သူ့တို့အိမ်ဘေးကို ကျတာ။ လက်မောင်းနဲ့တင်ပါးမှာ ဒဏ်ရာရသွားတယ်" ဟု လဲတောင်ယာရွာသားတစ်ဦးက ပြောသည်။ ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသမှုခံယူရန်အတွက် မြိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

"စစ်တပ်က လဲတောင်ယာကျေးရွာနားက ခြေတော်ရာတောင်ကို ပစ်မှတ်ထားတာ။ အဲဘက်မှာ လူနေအိမ် သိပ်မရှိဘူး။ လက်နက်ကြီး (၇) လုံးက တောင်ခြေမှာ ကျရောက်ပေါက်ကွဲပြီး (၄) လုံးက လူနေအိမ်နားမှာ လာကျတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၃ စက်တင်ဘာလတွင် စစ်ကောင်စီတပ်က မမတောင်၊ ဘန်းလော၊ ခြောက်မိုင်၊ အရှေ့မော်တုံးနှင့် အနောက်မော်တုံးကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ကာ ဒေသခံပြည်သူများကို ထိခိုက်သေဆုံးစေပြီး လူနေအိမ်များကို ပျက်စီးစေခဲ့သည်။ ဒေသခံများ၏ပြောကြားချက်အရ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန်ရှိ အရှေ့မူးဒူးကျေးရွာမှ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ အောက်တိုဘာလ (၂၀) ရက်နေ့ မနက်ပိုင်းကတည်းက လူနေအိမ်များကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးနေခြင်းဖြစ်ကြောင်း မူးဒူးဒေသခံများက ပြောသည်။

"မနက် (၇) နာရီမှာ မီးခိုးတွေ အလုံးလိုက်တက်လာတယ်။ အိမ်ဘယ်နှလုံး အရှို့ခံလိုက်ရလဲတော့ မသိဘူး။ သိရသလောက်တော့ (၈) လုံးကျော်ပြီ" ဟု ရွာသားတစ်ဦးက ပြောသည်။ နေအိမ်အချို့သည် ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်ပြီး မီးလောင်ပျက်စီးသွားသည့်နေအိမ်အရေအတွက်သည် (၁၀) လုံးအထိ ရှိနိုင်သည်ဟု ဆိုသည်။

နေအိမ်များကို မီးရှို့မဖျက်ဆီးမီ အနောက်မူးဒူးကျေးရွာမှ ဒေသခံပြည်သူ အနည်းဆုံး (၆) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး အချို့ကိုသာ ပြန်လွှတ်ပေးခဲ့သည်။ "အနောက်မူးဒူးမှာ နှစ်ဖက်ပစ်ခတ်သံတွေ ကြားနေရတယ်။ နေအိမ်တွေလည်း မီးလောင်နေတယ်။ လက်နက်ကြီး လက်နက်ငယ် ပစ်ခတ်သံတွေ ကြားနေရတယ်လို့ ရွာခံတွေက ပြောတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ပစ်ခတ်မှုနှင့် လူနေအိမ်မီးရှို့ဖျက်ဆီးမှုများကြောင့် မူးဒူးဒေသခံအများစုမှာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။ "ရွာထဲမှာ ရွာသားတွေ မရှိတော့ဘူး" ဟု နဘုလယ်ဒေသခံတစ်ဦးက ပြောသည်။

လူနေအိမ်များကို မီးရှို့ဖျက်ဆီးသည့် စစ်ကောင်စီတပ်သည် အောက်တိုဘာလ (၁၉) ရက်နေ့မနက်စောစောတွင် ပန်းတင်အင်းကျေးရွာမှ ထွက်ခွာလာသည့်တပ် ဖြစ်ပြီး ၎င်းတို့နှင့်အတူ နောက်ထပ်စစ်သားများလည်း ပါလာသည်။ ၎င်းတို့သည် ပိန်းရှောင်ကျေးရွာသို့ ရောက်ရှိလာသည်။ နောက်ထပ်စစ်ကြောင်းတစ်ကြောင်းသည် ရေဖြူမြို့နယ် အနောက်ပင်လယ်ဘက်သို့ ဝင်ရောက်လာသည်။

အဆိုပါစစ်ကြောင်းများ ချီတက်ရာလမ်းကြောင်းတစ်လျှောက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက (၂) ကြိမ် တိုက်ခိုက်ခဲ့သည်။ အဆိုပါစစ်ကြောင်းများမှ အင်အားတစ်ချို့သည် ကေနိကျေးရွာသို့ ရောက်နှင့်နေပြီးဖြစ်သည်။

စစ်ကြောင်း (၃) ကြောင်းက ထိုးစစ်ဆင်နေသဖြင့် မူးဒူး၊ ရလိုင်၊ ဗဂေါ်ခွန်း၊ ဝက်ချောင်း၊ ခမောက်ချောင်း၊ ကေနိ၊ ရင်ငဲ၊ ဝဇွန်းတော၊ ပိန်းရှောင်၊ ဒေါင်းရှောင်နှင့် ဆင်ပူနစ်ကျေးရွာများမှ ဒေသခံပြည်သူအများစုမှာ ထွက်ပြေးနေရသည်။

စစ်ကောင်စီတပ်က ရေဖြူမြို့နယ် အနောက်ဘက်ကမ်းရှိ ကျေးရွာများကို စက်တင်ဘာနောက်ဆုံးအပတ်နှင့် အောက်တိုဘာ (၁၉) ရက်နေ့အတွင်း သုံးကြိမ်တိုင်တိုင် စစ်ကြောင်းထိုးခဲ့သည်။

စက်တင်ဘာလ (၂၁) ရက်နေ့နှင့် အောက်တိုဘာလ (၁၂) ရက်နေ့အတွင်း ရေဖြူမြို့အနောက်ဘက်ကမ်းကို စစ်ကောင်စီတပ်က ဝင်ရောက်စီးနင်းပြီး ဒေသခံပြည်သူအယောက် (၃၀) နီးပါးကို ဖမ်းဆီးခဲ့သည်။ အယောက် (၂၀) ကျော်ကို ပြန်လွှတ်ပေးခဲ့သော်လည်း ပြည်သူ (၂) ဦးမှာ သတ်ဖြတ်ခံခဲ့ရပြီး နောက်ထပ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် (၂) ဦးလည်း သတ်ဖြတ်ခံခဲ့ရပြီး စစ်တပ်က ပြည်သူ (၂) ဦးကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်သည်။

> **"မနက် (၇) နာရီမှာ မီးခိုးတွေ အလုံးလိုက်တက်လာတယ်။ အိမ်ဘယ်နှလုံး အရှို့ခံလိုက်ရလဲတော့ မသိဘူး။ သိရသလောက်တော့ (၈) လုံးကျော်ပြီ"**

## အဓိက တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံ စားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေး ထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမ တည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ် ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေး နေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီ က ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူး အာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါ အခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ် ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ် များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံ အခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ် ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူ နေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ် ခြင်းများကို ပြုလုပ်နေသည်။

## တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

**Monthly Overview**

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

အောက်တိုဘာလ ၂၀၂၃

Human Right Foundation of Monland | October 2023